မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော
စုံစမ်းစစ်ဆေးမှုယန္တရား

# သတင်းလွှာ

အတွဲ ၁၁

ဇွန်လ ၂၀၂၄

## ယန္တရားအကြီးအကဲ၏ အမှာစာ



မြန်မာနိုင်ငံတဝှမ်းတွင် ပြင်းထန်သောပဋိပက္ခများဆက်လက်ဖြစ်ပွားနေပြီ အရပ်သားပြည်သူများလည်း ဘေးဒုက္ခခံစားရမှု တိုးနေသည်။ တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် ဘာသာပေါင်းစုံမှပြည်သူများသည် ၎င်းတို့၏နေအိမ်များ၊ စာသင်ကျောင်းများနှင့် ဘာသာရေးအဆောက်အအုံများအတွင်းရှိနေစဥ် ထိခိုက်ဒဏ်ရာရရှိပြီး သေဆုံးခဲ့ကြသည်။ ကျေးရွာများမီးလောင်ပြီး နေအိမ်များပျက်စီးခဲ့သည်။ လူထောင်ပေါင်းများစွာ ဖမ်းဆီးခံခဲ့ရပြီး၊ ထိုသို့ဖမ်းဆီးခံထားရချိန်တွင် သတ်ဖြတ်ခံရခြင်း သို့မဟုတ် နှိပ်စက်ညှဥ်းပန်းခြင်း ခံရသည်။ လွန်ခဲ့သည့်ခြောက်လအတွင်း လူဦးရေသုံးသန်းကျော်သည် ၎င်းတို့၏နေအိမ်များမှ စွန့်ခွာထွက်ပြေး ခဲ့ရသည်။

ယန္တရားသည် ရခိုင်ပြည်နယ်အတွင်း မြန်မာစစ်တပ်နှင့် ရက္ခိုင့်တပ်မတော်တို့ကြား လတ်တလောဖြစ်ပွားနေသည့် ပြင်းထန်သောတိုက်ပွဲများအပါအဝင် နိုင်ငံတဝှမ်း အရပ်သားများအားတိုက်ခိုက်မှုများကို အနီးကပ်စောင့်ကြည့်နေသည်။ ကျွန်ုပ်တို့သည် အကြမ်းဖက်မှုဒဏ်ခံရသူများ၊ မျက်မြင်သက်သေများနှင့် ဆက်သွယ်လျက်ရှိပြီး၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုများ သို့မဟုတ် စစ်ရာဇဝတ်မှုများကျူးလွန်မှု ရှိ၊ မရှိ အကဲဖြတ်ရန် ရရှိထားသည့်အချက်အလက်များကို စိစစ်သုံးသပ်နေသည်။ ဘူးသီးတောင်မြို့နယ်အတွင်း အကြမ်းဖက်မှုနှင့် ပစ္စည်းဥစ္စာဖျက်ဆီးမှုများမှအစပြု၍ ဗျိုင်းဖြူရွာတွင် လူ (၇၀) ကျော် ညှဥ်းပန်းနှိပ်စက်ပြီးသတ်ဖြတ်ခံရသည်ဆိုသည့် စွပ်စွဲချက်များကိုလည်း စုံစမ်းစစ်ဆေးနေသည်။ ယန္တရားသည် ဘယ်မျိုးနွယ်စုက ဖြစ်နေပါစေ၊ ကျူးလွန်သူများ သို့မဟုတ် ထိခိုက်နစ်နာသူများ၏ဆက်နွယ်မှုများက မည်သို့မည်ပုံရှိနေပါစေ ခွဲခြားမှုမရှိဘဲ ကျူးလွန်နိုင်သည့်အမှုများအားလုံးကို စစ်ဆေးကြည့်ရှုသည်။

အခင်းဖြစ်ရာနေရာများသို့ ကျွန်ုပ်တို့ကိုယ်တိုင်မသွားနိုင်ဘဲ စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်ရခြင်းသည် ကြီးမားသော စိန်ခေါ်မှုတစ်ခုဖြစ်သည်။ မြန်မာစစ်တပ်သည် ယန္တရားကပေးပို့ထားသော နိုင်ငံတွင်းဝင်ရောက်ခွင့်နှင့် တိကျသောသတင်းအချက်အလက်ရရှိရေးအတွက် တောင်းဆိုမှုများစွာကို လျစ်လျူရှုထားသည်။ ကြီးလေးပြင်းထန်သောရာဇဝတ်မှုများနှင့်ပတ်သက်သည့် အချက်အလက်များကို လူသိရှင်ကြားတောင်းဆိုပါက မြန်မာစစ်တပ်ဖက်မှ တစုံတရာတုံ့ပြန်လာမည်ဟုမျှော်လင့်ကာ၊ ယန္တရားသည် မကွေးတိုင်းဒေသကြီးတွင် လူငယ်နှစ်ဦးကိုဖမ်းဆီးပြီး အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခြင်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို မျှဝေပေးရန် မကြာမီက **ကြေညာချက်**တစ်စောင် ထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံသို့ဝင်ရောက်ခွင့်မရှိခြင်းနှင့် မကြာခဏအင်တာနက်ပြတ်တောက်မှုများကြောင့် ပဋိပက္ခဒဏ်ခံရသည့်ဒေသများမှ သတင်းအချက်အလက်ရရှိမှုသည် အကန့်အသတ်ရှိနေသည်။ ထို့ကြောင့် ယန္တရားသည် ရာဇဝတ်မှုဆိုင်ရာသတင်းအချက်အလက်များ ပို့ပေးပြီး၊ သက်သေများနှင့်ချိတ်ဆက်ပေးသည့် ရဲရင့်သောအရပ်ဘက်လူမှုအဖွဲ့အစည်းများကို များစွာမှီခိုအားထားရသည်။ ပြီးခဲ့သည့်လက ကျင်းပခဲ့သော ဒုတိယအကြိမ်မြောက် အရပ်ဘက်လူမှုအဖွဲ့အစည်းဒိုင်ယာလော့တွင် အဖွဲ့အစည်းကိုယ်စားလှယ်များသည် ရန်ပုံငွေရရှိရေး၊ ဝန်ထမ်းခန့်ထားရေးအခက်အခဲများ၊ ၎င်းတို့၏လုံခြုံရေးကိုခြိမ်းခြောက်မှုများ တိုးလာသောကြောင့် ရရှိလာသည့်စိတ်ဒဏ်ရာများကိုဖြေရှင်းနေရခြင်း စသည့်စိန်ခေါ်မှုများကို ကျွန်ုပ်တို့နှင့်မျှဝေခဲ့သည်။ ယန္တရားသည် မြေပြင်ရှိအခြေအနေများကို ပိုမိုကောင်းမွန်စွာတုံ့ပြန်ဆောင်ရွက်နိုင်သောနည်းလမ်းများနှင့်ပတ်သက်၍ ၎င်းတို့၏အကြံပြုချက်များကိုမှတ်သားပြီး၊ ကျွန်ုပ်တို့၏ လက်ရှိလုပ်ငန်းဆောင်ရွက်မှုနည်းလမ်းများကို မည်သို့မွမ်းမံနိုင်သည်ကို သုံးသပ်နေသည်။

ယန္တရားထံသို့ အထောက်အထားများနှင့်သက်သေခံချက်များ မျှဝေပေးသူအားလုံးကို ကျေးဇူးတင်ပါသည်။ ကြီးလေးသောနိုင်ငံတကာရာဇဝတ်မှုများအတွက် တာဝန်အရှိဆုံးသောကျူးလွန်သူများအား ဓမ္မဓိဋ္ဌာန်ကျကျစုံစမ်းစစ်ဆေးရန်နှင့် ရာဇဝတ်မှုတည်ဆောက်ရန် ဤအချက်အလက်များကို ကျွန်ုပ်တို့အသုံးပြုသည်။ ယင်းတို့အနက် မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အခြားလက်နက်ကိုင်တပ်ဖွဲ့များ ကျူးလွန်သည့်ရာဇဝတ်မှုများ ပါဝင်သည်။ နိုင်ငံတကာရာဇဝတ်ခုံရုံး၊ နိုင်ငံတကာတရားရုံးနှင့် အာဂျင်တီးနားတရားရုံးများတွင်စစ်ဆေးနေသော ရိုဟင်ဂျာများနှင့်ပတ်သက်သည့်အမှုတွဲများအတွက် သက်သေအထောက်အထားများ မျှဝေနေသကဲ့သို့၊ ကျွန်ုပ်တို့ စုဆောင်းပြီးစိစစ်သုံးသပ်ထားသော အခြားသောရာဇဝတ်မှုဆိုင်ရာ အထောက်အထားများသည်လည်း တနေ့တွင် မြန်မာပြည်သူများအတွက် တရားမျှတမှုရရှိရေးလုပ်ဆောင်ရာတွင် အသုံးပြုလာနိုင်မည်ဟု ကျွန်ုပ် ရှုမြင်ပါသည်။

**နီကိုလတ်စ်ခွန်ဂျန်**

# အဖွဲ့အစည်းဆိုင်ရာ နောက်ဆုံးသတင်း

ယန္တရားသည် ကုလသမဂ္ဂအထွေထွေညီလာခံက နှစ်စဉ်အတည်ပြုထားသောပုံမှန်ဘတ်ဂျက်ဖြင့် လည်ပတ်နေပြီး လုပ်ပိုင်ခွင့်များ ဆောင်ရွက်ရန်အတွက် လိုအပ်သောရင်းမြစ်များ၊ ဝန်ထမ်းများနှင့် ကျွမ်းကျင်မှုများကို အဆိုပါဘတ်ဂျက်ဖြင့် ဖြည့်ဆည်းထားရှိသည်။ ၂၀၂၃ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံအများအပြားက ၎င်းတို့ထည့်ဝင်ရမည့်ရန်ပုံငွေများကို အချိန်မီမပေးခြင်းကြောင့် ကုလသမဂ္ဂသည် နှစ်ပေါင်းများစွာအတွင်း အဆိုးရွားဆုံးသောဘဏ္ဍာရေးနှစ်ကို ရင်ဆိုင်ခဲ့ရသည်။ ဤငွေသားစီးဆင်းမှုအကျပ်အတည်းကြောင့် အသုံးစရိတ်များကိုကန့်သတ်ခဲ့ပြီး နောက်ဆက်တွဲအနေဖြင့် ယန္တရားသည် ၂၀၂၄ ခုနှစ်အတွက် အဖွဲ့ဝင်နိုင်ငံများကအတည်ပြုထားသည့်ဘတ်ဂျက်ထက် သိသိသာသာနည်းပါးသော ရန်ပုံငွေကိုသာ ရရှိခဲ့သည်။ မြန်မာနိုင်ငံအတွင်း ပဋိပက္ခများပိုမိုပြင်းထန်လာသည်နှင့်အမျှ ယန္တရား၏ လုပ်ငန်းတာဝန်များလည်း တိုးများလာသည့်အချိန်တွင် အဆိုပါရန်ပုံငွေကန့်သတ်မှုကို ကြုံတွေ့ခဲ့ရသည်။

ထို့ကြောင့် ပုံမှန်ဘတ်ဂျက်ဖြင့်ခန့်အပ်သည့် ရာထူးများစွာလစ်လပ်နေပြီး၊ အသုံးစရိတ်သက်သာစေရန် အချို့သောခရီးသွားလာမှုများကို လျှော့ချထားရသည်။ ပြင်ပသြဇာလွှမ်းမိုးမှုရှိသည်ဆိုသည့်စွပ်စွဲချက်များ မဖြစ်စေရန်နှင့် တိကျသေချာမှုရှိစေရန်အတွက် ယန္တရားသည် မျက်မြင်သက်သေများနှင့် လူကိုယ်တိုင်တွေ့ဆုံမေးမြန်းမှုများကို ဦးစားပေးသည်။ သက်သေထွက်ဆိုချက်၏ ခိုင်မာမှုကို ထိန်းသိမ်းရန် မြင့်မားသောစံနှုန်းများအတိုင်း လိုက်နာဆောင်ရွက်သည်။ ထို့ကြောင့် ခရီးသွားလာမှုလျှော့ချခြင်းသည် အချို့သောသက်သေများထံမှ အရေးကြီးသောအထောက်အထားများ စုဆောင်းနိုင်မှုကို များစွာသက်ရောက်မှုရှိသည်။

ဤသို့ ပုံမှန်ဘတ်ဂျက်ရန်ပုံငွေနှင့်ပတ်သက်သည့် ဘဏ္ဍာရေးဆိုင်ရာစိန်ခေါ်မှုများကြောင့် ယန္တရားသည် သီးခြားစီမံကိန်းများနှင့် အထူးပြုကျွမ်းကျင်မှုများအတွက် အဖွဲ့ဝင်နိုင်ငံများထံမှ စေတနာအလျောက်ပံ့ပိုးကူညီမှုများကို ဆက်လက်ရှာဖွေနေသည်။ အဖွဲ့ဝင်နိုင်ငံများစွာက ယန္တရား၏ စုဆောင်းရန်ပုံငွေသို့ ငွေကြေးထည့်ဝင်မှုများကို ကျေးဇူးတင်ရှိပြီး အခြားအဖွဲ့ဝင်နိုင်ငံများထံမှလည်း အလားတူပံ့ပိုးမှုများကို ကြိုဆိုပါသည်။

## ပွင့်လင်းရင်းမြစ်စုံစမ်းစစ်ဆေးမှုများ

ယန္တရား၏ ပွင့်လင်းရင်းမြစ်စုံစမ်းစစ်ဆေးသူများနှင့် စိစစ်သုံးသပ်သူများသည် ဗီဒီယိုများ၊ ဓာတ်ပုံများ၊ အသံဖိုင်များ၊ တရားဝင်ထုတ်ပြန်ကြေညာချက်များနှင့် ဆိုရှယ်မီဒီယာပလက်ဖောင်းများ၊ စာနယ်ဇင်းများရှိ အကြောင်းအရာများအပါအဝင် အွန်လိုင်းတွင် တွေ့ရသော လူထုထံပျံ့နှံ့နေသည့် အချက်အလက်အများအပြားကို စုဆောင်းပြီး စိစစ်သုံးသပ်သည်။ ယင်းအဖွဲ့သည် အများပြည်သူ အလွယ်တကူမရနိုင်ဘဲ သက်သေများနှင့် အခြားရင်းမြစ်များမှသာရရှိနိုင်သော အချက်အလက်များကိုလည်း စိစစ်သုံးသပ်သည်။ ဤဒစ်ဂျစ်တယ်အထောက်အထားများသည် စုံစမ်းစစ်ဆေးမှုအတွက် သဲလွန်စများ သို့မဟုတ် လမ်းကြောင်းသစ်များရရှိစေနိုင်ပြီး၊ သက်သေများ၏ထွက်ဆိုချက်များကို ပိုမိုခိုင်လုံစေကာ အမှုဖိုင်များတည်ဆောက်ရာတွင် အထောက်အကူဖြစ်စေနိုင်သည်။

ဉာဏ်ရည်တု (AI) တိုးတက်လာခြင်းကြောင့် ဒစ်ဂျစ်တယ်အထောက်အထားများကို မှန်၊ မမှန်စစ်ဆေးခြင်းနှင့် အတည်ပြုခြင်းလုပ်ငန်းသည် ပိုမိုရှုပ်ထွေးလာသည်။ ယန္တရား၏ပွင့်လင်းရင်းမြစ်အဖွဲ့သည် သတင်းမှားဖြန့်ဝေရေးလှုံ့ဆော်မှု၏ တစိတ်တပိုင်းဖြစ်နိုင်သည့်အရာများ ("သတင်းတု") ကို ခွဲခြားရန်အတွက် လူကိုယ်တိုင်စစ်ဆေးခြင်းနှင့် နည်းပညာသုံးစစ်ဆေးခြင်း စသည့်နည်းလမ်းနှစ်မျိုးလုံးကိုအသုံးပြုပြီး တိကျတင်းကျပ်သည့် အတည်ပြုခြင်းလုပ်ငန်းစဉ်ကို လုပ်ဆောင်သည်။ ပြုပြင်ထားခြင်း၊ တည်းဖြတ်ထားခြင်း ရှိ၊ မရှိ သို့မဟုတ် ဉာဏ်ရည်တုဖြင့်ဖန်တီးထားသော “deep fake” ဖြစ်၊ မဖြစ် စစ်ဆေးရန် ဒစ်ဂျစ်တယ်ဖိုင်တစ်ခုချင်းစီ၏ ယုံကြည်အားထားနိုင်မှုနှင့် မူလအရင်းအမြစ်တို့ကိုပါ စစ်ဆေးသည်။

ယန္တရားသည် ဓါတ်ပုံရိုက်ကူးထားသည့်နေရာကို ရှာဖွေရန် သို့မဟုတ် အတည်ပြုရန်အတွက် မက်တာဒေတာကို စစ်ဆေးခြင်း၊ သို့မဟုတ် ဓါတ်ပုံတွင်ပါရှိသော အထင်ကရနေရာများကိုရှာဖွေပြီး မြေပုံများ၊ ဂြိုဟ်တုပုံရိပ်များနဲ့ တိုက်ဆိုင်စစ်ဆေးခြင်းစသည့် အဆင့်မြင့်တည်နေရာရှာဖွေရေးနည်းလမ်းများကိုလည်း အသုံးပြုသည်။

ယန္တရား၏ စုံစမ်းစစ်ဆေးမှုများနှင့် တိုးတက်မှုများအကြောင်း အသေးစိတ်အချက်အလက်များ ပါဝင်သည့် နှစ်ပတ်လည်အစီရင်ခံစာကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်တွင် ထုတ်ပြန်မည်ဖြစ်သည်။ ယန္တရား၏အကြီးအကဲသည် စက်တင်ဘာလ ၉ ရက်နေ့တွင် ဤအစီရင်ခံစာကို လူ့အခွင့်အရေးကောင်စီသို့ တင်ပြမည်ဖြစ်ပြီး၊ အထွေထွေညီလာခံသို့ ယခုနှစ်နှောင်းပိုင်းတွင် တင်ပြသွားမည်ဖြစ်သည်။

# ကမ္ဘာ့နေရာတိုင်းတွင်တရားစီရင်ပိုင်ခွင့်ရှိသည့်အမှုများ

ဤသဘောတရားအရ အချို့ရာဇဝတ်မှုများသည် အလွန်ကြီးလေးပြင်းထန်သော သဘောသဘာဝရှိသောကြောင့် နိုင်ငံအချို့သည် ၎င်းတို့နှင့်ဆက်စပ်မှုမရှိသည့်တိုင်၊ ပြစ်မှုကျူးလွန်သူများအား ၎င်းတို့နိုင်ငံများ၏တရားဥပဒေကို အခြေပြု၍ တရားစွဲဆိုမှုလုပ်ကောင်းလုပ်နိုင်သည်။ နိုင်ငံအများအပြားတွင် ထိခိုက်နစ်နာသူ သို့မဟုတ် ကျူးလွန်သူက မိမိနိုင်ငံသားဖြစ်ခြင်း၊ သို့မဟုတ် မိမိ၏နယ်မြေတွင် အမှုဖြစ်ခြင်းကဲ့သို့သော နိုင်ငံနှင့်ဆက်နွယ်မှုရှိရန် လိုအပ်သည့် ဥပဒေအချို့ရှိသည်။ သို့သော် အချို့နိုင်ငံများသည် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုများ သို့မဟုတ် လူမျိုးပြုန်းစေမှုနှင့်ပတ်သက်သည့်အမှုများဖြစ်ပါက နိုင်ငံနှင့်ဆက်နွယ်မှုရှိရန် မလိုအပ်ပေ။



ယန္တရားသည် မြန်မာနိုင်ငံတွင်ကျူးလွန်ခဲ့သည့် ကြီးလေးသောနိုင်ငံတကာရာဇဝတ်မှုများနှင့်ပတ်သက်ပြီး ကမ္ဘာ့နေရာတိုင်းတွင် တရားစီရင်ပိုင်ခွင့်ဖြင့် စွဲဆိုသောအမှုများတွင် ပံ့ပိုးခွင့်ရှိသည်။ အဆိုပါတရားစွဲဆိုမှုသည် နိုင်ငံတကာစံနှုန်းများနှင့်ကိုက်ညီပြီး၊ သေဒဏ်မချမှတ်ဘဲ တရားမျှတသောစီရင်မှုဖြစ်စေရန် အခြေခံအာမခံချက်များပေးထားပါက ယန္တရားသည် သက်ဆိုင်ရာ စုံစမ်းစစ်ဆေးသူ၊ တရားစွဲဆိုသူ သို့မဟုတ် တရားရေးအာဏာပိုင်များထံ သက်သေအထောက်အထားများနှင့် စိစစ်သုံးသပ်ချက်များ မျှဝေနိုင်သည်။

အာဂျင်တီးနားနိုင်ငံ၏ ဖက်ဒရယ်တရားရုံးများသည် ရိုဟင်ဂျာများအပေါ်ကျူးလွန်ခဲ့သည့် နိုင်ငံတကာရာဇဝတ်မှုများနှင့်ပတ်သက်ပြီး ၂၀၂၁ ခုနှစ်တွင် စုံစမ်းစစ်ဆေးမှုများစတင်ခဲ့ရာ ယန္တရားသည် ယင်းစုံစမ်းစစ်ဆေးမှုနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို မျှဝေလျက်ရှိသည်။ စစ်တပ်ကအာဏာသိမ်းပြီးနောက်ပိုင်း ကျူးလွန်ခဲ့သည့်ရာဇဝတ်မှုများကို အခြားနိုင်ငံတစ်ခုခုက စုံစမ်းမှုနှင့် တရားစွဲဆိုမှုများ လုပ်ဆောင်ခြင်း မရှိသေးပေ။ သို့သော်လည်း အခြေအနေအချို့ ရှိနေပါသည်။

## တူရကီ

၂၀၂၂ ခုနှစ် မတ်လတွင် Myanmar Accountability Project သည် မြန်မာစစ်တပ်၏ အာဏာသိမ်းပြီးနောက်ပိုင်း ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများနှင့်ပတ်သက်၍ အစ္စတန်ဘူလ်ရှိ အစိုးရရှေ့နေရုံးထံ တိုင်ကြားခဲ့သည်။ တူရကီ အာဏာပိုင်များသည် အဆိုပါတိုင်ကြားချက်အား မတုံ့ပြန်သေးပါ။

## ဖိလစ်ပိုင်

၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် ထိခိုက်နစ်နာသူငါးဦးနှင့် ၎င်းတို့၏မိသားစုများသည် မြန်မာနိုင်ငံ၊ ချင်းပြည်နယ်တွင် ၂၀၂၁ ခုနှစ်အတွင်း ကျူးလွန်ခဲ့သည့် စစ်ရာဇဝတ်မှုများနှင့် ပတ်သက်ပြီး ဖိလစ်ပိုင်နိုင်ငံ၏ ပြည်တွင်းတရားစွဲဆိုရေးဌာနတွင် ပူးတွဲရာဇဝတ်မှုတိုင်ကြားချက်တစ်ခု တင်သွင်းခဲ့သည်။ ဖိလစ်ပိုင် အာဏာပိုင်များက အဆိုပါတိုင်ကြားချက်အား တုံ့ပြန်မှုမရှိသေးပေ။

## ဂျာမနီ

၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် Fortify Rights ၏ ထောက်ခံမှုဖြင့် မြန်မာနိုင်ငံမှ လျှောက်ထားသူ (၁၆) ဦးသည် မြန်မာစစ်တပ်ထိပ်ပိုင်းအရာရှိများ ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် တိုင်ကြားစာတစ်စောင်ကို ဂျာမနီနိုင်ငံ ဖက်ဒရယ်အစိုးရရှေ့နေချုပ်ထံ တင်သွင်းခဲ့သည်။ ဖက်ဒရယ်အစိုးရရှေ့နေသည် ဤတိုင်ကြားချက်ကို ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် ပယ်ချခဲ့သည်။

## ယူကေ

ယူကေ၏ မက်ထရိုပိုလီတန်ရဲတပ်ဖွဲ့မှ အကြမ်းဖက်မှုနှိမ်နင်းရေးဌာနချုပ်သည် ဘင်လားဒေ့ရှ်/မြန်မာ အပါအဝင် နိုင်ငံတကာ ရာဇဝတ်ခုံရုံးတွင် စုံစမ်းစစ်ဆေးနေသည့် အမှုတိုင်း၏ ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ စတင်လုပ်ဆောင်နေသည်။ ဆိုလိုသည်မှာ ဖြစ်နိုင်ချေရှိသောသက်သေများကို ဖော်ထုတ်ပြီး စွပ်စွဲထားသောပြစ်မှုများကို စစ်ဆေးမည်ဖြစ်သည်။

# လူထုဆက်ဆံရေးလုပ်ငန်း


© IIMM/Illustration by JC

ယန္တရား၏ လုပ်ငန်းများနှင့်တိုးတက်မှုများအကြောင်း တင်ပြရာတွင် မြန်မာနိုင်ငံအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိရေးကို စိတ်ဝင်စားသည့် လူမျိုးစုံထံရောက်ရှိစေရန် ဆက်သွယ်ရေးလမ်းကြောင်းများစွာကို အသုံးပြုသည်။ ယန္တရား၏ ဝဘ်ဆိုဒ် နှင့် ဖေ့စ်ဘုတ်စာမျက်နှာတွင် အကြောင်းအရာအသစ်များ ပုံမှန်မျှဝေသည်။ ဇူလိုင်လတွင် လိင်ပိုင်းဆိုင်ရာနှင့် ဂျင်ဒါအခြေပြုရာဇဝတ်မှု ကျူးလွန်ခံရသူများ၊ သက်သေများနှင့်အတူ ယန္တရားက အလုပ်လုပ်နေပုံအကြောင်းကို သရုပ်ဖော်ဇာတ်လမ်းအသစ် ထုတ်ဝေမည်ဖြစ်သည်။ ဆက်လက်ပြီး ဝင်ရောက်ကြည့်ရှုပါ။

## အရပ်ဘက်လူမှုအဖွဲ့အစည်းဒိုင်ယာလော့

အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းစေရန် ရည်ရွယ်ချက်ဖြင့် ယန္တရားသည် ၂၀၂၄ ခုနှစ် မေလတွင် ဒုတိယအကြိမ်မြောက် အရပ်ဘက်လူမှုအဖွဲ့အစည်ဒိုင်ယာလော့ကို ကျင်းပခဲ့သည်။ မတူကွဲပြားသောအသိုက်အဝန်းများရှိ အရပ်ဘက်လူမှုအဖွဲ့အစည်း (၁၈) ဖွဲ့မှ ကိုယ်စားလှယ်များကို အဆိုပါဒိုင်ယာလော့သို့ လူကိုယ်တိုင်တက်ရောက်ရန် ဖိတ်ခေါ်ခဲ့သည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် အဖိုးတန်သည့် သတင်းအချက်အလက်များနှင့် မှတ်တမ်းမှတ်ရာများ မျှဝေခြင်း၊ သက်သေများနှင့် ဆက်သွယ်ပေးခြင်း၊ စုံစမ်းစစ်ဆေးရန် လူပုဂ္ဂိုလ်များနှင့်ချိတ်ဆက်ပေးခြင်း စသဖြင့် ယန္တရားအား ပုံစံမျိုးစုံဖြင့် ပံ့ပိုးပေးသည်။ ထို့ကြောင့် ယန္တရားသည် သက်ဆိုင်ရာအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှုအားကောင်းစေရန် တစိုက်မက်မက်လုပ်ဆောင်ပါသည်။

သုံးရက်ကြာ ပွင့်ပွင့်လင်းလင်းဆွေးနွေးခဲ့ကြသည့် ဤတွေ့ဆုံပွဲတွင် ယန္တရား၏ လုပ်ပိုင်ခွင့်နှင့် ကန့်သတ်ချက်များ၊ ယန္တရား၏ လုပ်ဆောင်ပုံများ၊ ဦးစားပေးစုံစမ်းစစ်ဆေးမှုများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများက မျှဝေထားသောအချက်အလက်များကို ယန္တရားက မည်သို့အသုံးပြုနေပုံများကို မျှဝေဆွေးနွေးသည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကလည်း ၎င်းတို့ ရင်ဆိုင်ရသည့် စိန်ခေါ်မှုများနှင့် စိတ်ရှုပ်ထွေးဖွယ်အခြေအနေများကို ပြန်လည်မျှဝေခဲ့ကြပြီး ၎င်းတို့၏လုပ်ငန်းခွင်တွင် တွေ့ကြုံရသည့်အခက်အခဲအချို့ကြောင့် ယန္တရားနှင့် ၎င်းတို့ကြား ဆက်ဆံရေးအား အကျိုးသက်ရောက်မှုရှိနေပုံများကို တင်ပြခဲ့သည်။ လက်တွေ့ မြေပြင်ရှိအခြေအနေများကို တုံ့ပြန်ရန်အတွက် ယန္တရား၏ချဉ်းကပ်ပုံများကို လိုက်လျောညီထွေဖြစ်စေရန် မွမ်းမံနိုင်မည့် အဖိုးတန်အကြံပြုချက်များလည်း မျှဝေခဲ့ကြသည်။

ဆွေးနွေးပွဲမစမီတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှပါဝင်သူများ၏ (၅၇) ရာခိုင်နှုန်းကသာ ယန္တရား၏ လုပ်ပိုင်ခွင့်များအကြောင်းကို ကောင်းစွာနားလည်ကြောင်းဖော်ပြသည်။ ဆွေးနွေးပွဲအပြီးတွင် ဤနားလည်မှုရာခိုင်နှုန်းသည် ရာနှုန်းပြည့်ဖြစ်လာသည်။ ဆွေးနွေးပွဲပြီးဆုံးသည့်အခါ ယန္တရားနှင့်ပူးပေါင်းဆောင်ရွက်ရန် စိတ်ပါဝင်စားကြောင်း ဖော်ပြသူအရေအတွက်သည်လည်း နှစ်ဆနီးပါး တိုးလာသည်။

## မီဒီယာ

ယန္တရားအကြီးအကဲသည် မကြာသေးမီက Asymmetrical Haircuts podcast နှင့် Libération သတင်းစာတို့တွင် မြန်မာနိုင်ငံအတွင်း အကြမ်းဖက်မှုများ တိုးမြင့်လာသည့်အကြောင်း ဆွေးနွေးခဲ့သည်။ The Japan Times၊ Der Tagesspiegel၊ မဇ္ဈိမ သတင်း နှင့် လွတ်လပ်သော အာရှအသံ တို့ကလည်း ယန္တရား၏ လုပ်ငန်းများအကြောင်းကို ရေးသားထုတ်လွှင့်ခဲ့သည်။ ယန္တရားကဆောင်ရွက်နေသော စုံစမ်းစစ်ဆေးမှုများ၏တစိတ်တပိုင်းအဖြစ် ပွင့်လင်းရင်းမြစ်အချက်အလက်များ အသုံးပြုခြင်းကို Global Centre for the Responsibility to Protect ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

# မေးလေ့ရှိသော မေးခွန်းများ

## ယန္တရားသည် သက်သေများကို မည်သို့ကာကွယ်ပေးသနည်း။

ယန္တရား၏ စုံစမ်းစစ်ဆေးမှုအဆင့်တစ်ဆင့်ချင်းစီတွင် သက်သေများနှင့် သတင်းအချက်အလက်ပေးသူများ၏ ဘေးကင်းရေး၊ လုံခြုံရေးနှင့် ကျန်းမာရေးကောင်းမွန်မှုသည် အရေးအကြီးဆုံးဖြစ်သည်။ အင်တာဗျူးတစ်ခု မလုပ်ဆောင်မီ၊ ယန္တရား၏ သက်သေကာကွယ်စောင့်ရှောက်ရေးကျွမ်းကျင်သူသည် သက်သေတစ်ဦးစီ၏ ထူးခြားသောလုံခြုံရေးလိုအပ်ချက်များကို အကဲဖြတ်ပြီး၊ ဖြစ်နိုင်ခြေရှိသောအန္တရာယ်များကို လျှော့ချနိုင်သည့် နည်းလမ်းများအား စုံစမ်းစစ်ဆေးသည့်အဖွဲ့ထံ အကြံပြုသည်။ ယန္တရားနှင့်ပူးပေါင်းဆောင်ရွက်မှုသည် သက်သေအချို့အတွက် သိသိသာသာအန္တရာယ်ရှိနိုင်ကြောင်း ယန္တရားက နားလည်ပါသည်။ ယန္တရားသည် ယင်းအန္တရာယ်များကိုလျှော့ချရန် စွမ်းဆောင်နိုင်သည့်အတိုင်းအတာအတွင်း ကျိုးကြောင်းဆီလျော်သော အစီအမံများအားလုံးကို ဆောင်ရွက်ပါသည်။ သို့သော်လည်း ယန္တရားတွင် ရုပ်ပိုင်းဆိုင်ရာလုံခြုံရေးအစီအမံပေးနိုင်သည့် အာဏာ သို့မဟုတ် တစ်စုံတစ်ယောက်အား နိုင်ငံတစ်နိုင်ငံအတွင်း ဝင်ရောက်ခွင့်ပေးနိုင်သည့် အာဏာ မရှိပါ။

ယန္တရားသည် သက်သေများ စိတ်ဒဏ်ရာပြန်လည်ရရှိခြင်းကို ရှောင်ရှားနိုင်ရန် အင်တာဗျူးမစမီ၊ အင်တာဗျူးလုပ်နေစဉ်နှင့် အင်တာဗျူးပြီးဆုံးချိန်များတွင် ၎င်းတို့ကို စိတ်ပိုင်းဆိုင်ရာပံ့ပိုးမှု ပေးသည်။ ယခုနှစ်တွင် ယန္တရားသည် လုပ်ငန်းလည်ပတ်နေသည့်ဒေသအတွင်း ပံ့ပိုးကူညီမှုကွန်ရက်များ အားကောင်းစေရန် တိုးချဲ့ လုပ်ဆောင်လျက်ရှိသည်။ ထို့အပြင် သက်သေများအတွက် လိုအပ်သော ဆေးဘက်ဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများအတွက် ဝန်ဆောင်မှုပေးသူများနှင့် မိတ်ဖက်အသစ်များ ချိတ်ဆက်ဖော်ဆောင်နေသည်။

## စစ်တပ်ကအာဏာသိမ်းပြီးနောက်တွင် လူသန်းပေါင်းများစွာ အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရသည်။ ဤအခြေအနေသည် ရာဇဝတ်မှုမြောက်ပါသလား။

နိုင်ငံတကာဥပဒေအရ၊ လူတစ်ဦးအား ၎င်းတရားဝင်နေထိုင်နေသည့်နေရာမှ ထွက်ခွာသွားစေရန် အကြမ်းဖက်ခြင်း သို့မဟုတ် အခြားသောနည်းလမ်းဖြင့် အတင်းအကျပ်နှင်ထုတ်ခြင်းသည် ရာဇဝတ်မှုမြောက်သည်။ ဆိုလိုသည်မှာ လူတစ်ဦးကို သေနတ်နှင့်ချိန်ပြီး ၎င်း၏နေအိမ်မှ နှင်ထုတ်မှသာ ရာဇဝတ်မှု မြောက်သည်မဟုတ်။ နှောင့်ယှက်မှု၊ အကြမ်းဖက်မှု သို့မဟုတ် ခြိမ်းခြောက်မှုများကြောင့် လူများသည် ၎င်းတို့၏မူလနေရာတွင် နေထိုင်လိုသည့် “စစ်မှန်သောဆန္ဒ” ပျောက်ဆုံးပြီး၊ ၎င်းတို့နေထိုင်ရာရွာမှထွက်ပြေးရသည် ဆိုပါကလည်း ရာဇဝတ်မှုမြောက်သည်။ အခြားနည်းလမ်းများတွင် အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်း၊ နေအိမ်များကို ဥပဒေမဲ့ဖျက်ဆီးခြင်း သို့မဟုတ် အရပ်သားများကိုအကြမ်းဖက်ခြင်းများ ပါဝင်သည်။ ဥပဒေနှင့်အညီ ဆောင်ရွက်သည့် စစ်ရေးလှုပ်ရှားမှုကို အတင်းအကျပ်လုပ်ဆောင်ခြင်းဟု မယူဆပေ။

ရာဇဝတ်မှုအဖြစ် သတ်မှတ်ရန်အတွက် လူပေါင်းများစွာထိခိုက်မှုဖြစ်ရန် မလိုအပ်ပါ။ လူတစ်ဦးတည်းကိုသာ သက်ရောက်နိုင်သည့် "ပြည်ပသို့နှင်ထုတ်ခြင်း သို့မဟုတ် အတင်းအကျပ်လွှဲပြောင်းခြင်း" သည် လူသားမျိုးနွယ်ပေါ်ကျူးလွန်သည့် ရာဇဝတ်မှုမြောက်နိုင်ပြီး၊ "အရပ်သားများကို အတင်းရွှေ့ပြောင်းရန်အမိန့်ပေးခြင်း” သို့မဟုတ် "တရားမဝင်ပြောင်းရွှေ့စေခြင်း သို့မဟုတ် လွှဲပြောင်းခြင်း" သည် စစ်ရာဇဝတ်မှု မြောက်နိုင်သည်။